KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

**နောက်ဆုံးရဒေသတွင်းသတင်းတို**

မတ်လ ၅ရက်, ၂၀၂၄ခုနှစ် / KHRG စာအမှတ် - 23-374-375-381-D1

# တောအူးခရိုင် နောက်ဆုံးရဒေသတွင်းသတင်းတို - ထောတထူမြို့နယ်တွင် SAC မှ လူနေအိမ်များ မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခြင်းနှင့် လေကြောင်းဖြင့်တိုက်ခိုက်ခြင်း (၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအထိ)

*ဤနောက်ဆုံးရဒေသတွင်းသတင်းတိုတွင် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှ နိုဝင်ဘာလအတွင်း တောအူး (တောင်ငူ) ခရိုင်၊ ထောတထူ (ထန်းတပင်) မြို့နယ်တွင် ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများအကြောင်းကို ဖော်ပြထားသည်။ အဆိုပါလူ့အခွင့်အရေးချိုးဖောက်မှုများမှာ လူနေအိမ်များ မီးရှို့ဖျက်ဆီးမှု၊ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်မှုနှင့်လေကြောင်းတိုက်ခိုက်မှုများအစရှိသည်တို့ဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ၌ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တို့သည် ဒေသအတွင်း သူလျှိုအဖြစ်တာဝန်ထမ်းဆောင်နေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်သားတစ်ဦးအား သတ်ဖြတ်ခဲ့ပြီးနောက် ထောတထူမြို့နယ်၊ ဒေးလိုမူနူကျေးရွာအုပ်စုအတွင်း SAC နှင့် လက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များတို့ကြား ပဋိပက္ခတင်းမာမှုများ ပို၍မြင့်လာခဲ့သည်။ ဤကဲ့သို့သတ်ဖြတ်မှုဖြစ်ပွားပြီးနောက်တွင် SAC သည် ကျေးရွာ (၅)ရွာအတွင်းရှိ အနည်းဆုံး လူနေအိမ်များ (၂၇)လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။ ထို့အပြင် ကျေးရွာဒေသများတွင်လည်း SAC မှ လက်နက်ကြီးများပစ်ခတ်ခြင်းနှင့် လေကြောင်းတိုက်ခိုက်မှုလည်း ပြုလုပ်ခဲ့သည်။ ကျေးရွာများအား ထိုကဲ့သို့ပစ်ခတ်တိုက်ခိုက်သောကြောင့် ရွာသား(၃)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ လက်နက်ကြီးပစ်ခတ်မှုကြောင့် ရွာသား(၁)ဦးအား ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လူနေအိမ် (၅)လုံး၊ စျေးဆိုင် (၁) ဆိုင်နှင့် စိုက်ပျိုးခြံများအား ထိမှန်ပျက်စီးခဲ့သည်။ ထို့အပြင် လက်နက်ကြီးပစ်ခတ်မှုတွင် နွား (၁)ကောင်လည်း ထိမှန်သေဆုံးခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသား (၂)ဦး ထိမှန်ဒဏ်ရာရရှိခဲ့ပြီး လူနေအိမ် (၁)လုံးလည်း ထိမှန်ပျက်စီးခဲ့သည်။* [1]

---

[1] ဤအစီရင်ခံစာသည် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော တောအူးခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံနှင့် နေရပ်လိပ်စာ အတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

## ဒေးလိုမူနူကျေးရွာအုပ်စုရှိ လူနေအိမ်များအား မီးရှို့ဖျက်ဆီးမှု

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ဒုတိယအပတ်မှစ၍ ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) ပူးပေါင်းတပ်ဖွဲ့များသည် တောအူး (တောင်ငူ) ခရိုင်၊ ထောတထူ (ထန်းတပင်) မြို့နယ်၊ ဒေးလိုမူနူကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအားလုံးတွင် စစ်ရေးလှုပ်ရှားမှုများ ပို၍လုပ်ဆောင်လာခဲ့သည်။

ဒေသခံရွာသားများ၏ပြောပြချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၃၉)မှ စစ်သားတစ်ဦးဖြစ်သူ မောင်ကျော်ထွန်းသည် ၎င်း၏မိဘရှိရာကျေးရွာသို့ ပြန်လာနေထိုင်ပြီး အရပ်သားတစ်ဦးအနေဖြင့် KNLA နှင့် PDF တို့၏စစ်ရေးလှုပ်ရှားမှုများကို စုံစမ်းထောက်လှမ်းရန်အတွက် အထက်အရာရှိမှ ၎င်းအားအမိန့်ပေးခိုင်းစေခဲ့သည်။ မောင်ကျော်ထွန်း၏မိဘရှိရာကျေးရွာသည် ဒေးလိုမူနူကျေးရွာအုပ်စု၊ အ--- ကျေးရွာဖြစ်သည်။ ဤကိစ္စကို KNLA နှင့် PDF စစ်သားများက သိနေခဲ့ကြသည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ရက်နေ့တွင် KNLA နှင့် PDF စစ်သားများသည် မောင်ကျော်ထွန်း၏မိဘအိမ်သို့သွား၍ မောင်ကျော်ထွန်းအား ဖမ်းဆီးခဲ့ပြီး ရွာအပြင်သို့ခေါ်ဆောင်၍ ၎င်းအား သတ်ဖြတ်ခဲ့သည်။ မောင်ကျော်ထွန်း၏မိသားစုများသည် မောင်ကျော်ထွန်းအသတ်ခံရသည့်ကိစ္စကို သိရှိခဲ့ပြီးနောက် ချက်ချင်း SAC ခလရ (၃၉) တပ်စခန်းသို့သွား၍ SAC အား ဖြစ်ကြောင်းကုန်စင်ပြောပြခဲ့သည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၃ရက်နေ့ မနက် (၆)နာရီတွင် ဒေးလိုမူနူကျေးရွာအုပ်စု၊ လေးမိုင်ကျေးရွာတွင် အခြေစိုက်သော ခလရ (၃၉) တပ်ရင်း အပါအဝင် SAC ပူးပေါင်းတပ်ဖွဲ့များသည် စစ်ကား (၅)စီးနှင့် အမြောက်ကား (၂)စီးတို့ဖြင့် ဒေးလိုမူနူကျေးရွာအုပ်စု၊ အ---၊ ဘ---နှင့် စ---ကျေးရွာများသို့ စစ်ကြောင်းထိုးလာခဲ့သည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ရက်နေ့ မနက် (၁၀)နာရီခန့်တွင် အဆိုပါ SAC ပူးပေါင်းတပ်ဖွဲ့များသည် ဘ--- ကျေးရွာရှိ လူနေအိမ် (၄)လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။ မီးရှို့ခံရသည့်အိမ်များ၏ပိုင်ရှင်များသည် စောဒ---၊ စောန---၊ စောဖ---နှင့် စောဂ---တို့ဖြစ်ကြသည်။ စက်တင်ဘာလ ၁၄ရက်နေ့တွင်လည်း SAC ပူးပေါင်းတပ်ဖွဲ့များသည် စ--- ကျေးရွာရှိ လူနေ အိမ် (၇)လုံးကို မီးရှို့ခဲ့ပြန်သည်။ မီးရှို့ခံရသည့်အိမ်များ၏ပိုင်ရှင်များသည် ကိုဟ---၊ ကိုင---၊ ကိုဇ---၊ ကိုက---၊ ကိုက---၏သမီး၊ ဒေါ်လ---နှင့် ဒေါ်မ---တို့ဖြစ်ကြသည်။ SAC ပူးပေါင်းတပ်ဖွဲ့များမှ အဆိုပါကျေးရွာ (၂)ရွာရှိ ရွာသားအိမ်များ အား မီးရှို့ခဲ့ပြီးနောက် ဘ---ကျေးရွာတွင် (၃)ရက်ကြာ နေထိုင်ခဲ့သည်။ (၃)ရက်မြောက်နေ့ ဖြစ်သော စက်တင်ဘာလ ၁၆ရက်နေ့ မနက် (၆)နာရီတွင် SAC ပူးပေါင်းတပ်ဖွဲ့များသည် ဘ---ကျေးရွာမှ ဆုတ်ခွာလာ၍ ၎င်းတို့တပ်စခန်းသို့ ပြန်သွားခဲ့သည်။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ရက်နေ့ မွန်းလွဲပိုင်းတွင် KNLA နှင့် PDF စစ်သားများသည် မောင်ကျော်ထွန်း၏ မိဘအိမ်ကို မီးရှို့ဖျက်ဆီးခဲ့သည်။ ဤလုပ်ရပ်ကြောင့် ဒေးလိုမူနူကျေးရွာအုပ်စုအတွင်း ဒေသခံလက်နက်ကိုင်တော်လှန်ရေးတပ်ဖွဲ့များနှင့် SAC တပ်ဖွဲ့များတို့ကြား ပဋိပက္ခတင်းမာမှုများ ပို၍မြင့်တက်လာခဲ့သည်။



အထက်ပါဓာတ်ပုံ (၄)ပုံသည် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၄ရက်နေ့၌ ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၃၉)တပ်ရင်း အပါအဝင် SAC ပူးပေါင်းတပ်ဖွဲ့များမှ တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ဒေးလိုမူနူကျေးရွာအုပ်စု၊ အ---ကျေးရွာရှိ လူနေအိမ်များကို မီးရှို့ဖျက်ဆီးခဲ့သောအခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ - KHRG)*

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ရက်နေ့တွင် ခလရ (၃၉) တပ်ရင်းအပါအဝင် SAC ပူးပေါင်းတပ်ဖွဲ့များသည် ဒေးလိုမူနူ ကျေးရွာအုပ်စု၊ ည---ကျေးရွာသို့သွားရောက်၍ လူနေအိမ် (၃)လုံးကို မီးရှို့ခဲ့သည်။ မီးရှို့ခံရသည့်အိမ်များ၏ ပိုင်ရှင်များ သည် စောဝ---၊ စောပ---နှင့် စောဗ---တို့ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက်နေ့၌ နေ့လယ် (၁း၃၀)မိနစ်တွင် KNLA နှင့် PDF ပူးပေါင်းတပ်ဖွဲ့များသည် ဒေးလိုမူနူ ကျေးရွာအုပ်စု၊ အ---ကျေးရွာနှင့် ည---ကျေးရွာကြားရှိ တစ်နေရာတွင် ဆွဲမိုင်းဖြင့် SAC ပူးပေါင်းတပ်ဖွဲ့များကို တိုက်ခိုက်ခဲ့ပြီးနောက် နှစ်ဖက်တပ်ဖွဲ့များကြား တိုက်ပွဲဖြစ်ပွားခဲ့သည်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက်နေ့ ညနေပိုင်းတွင် SAC တပ်ဖွဲ့များသည် ဒေးလိုမူနူကျေးရွာအုပ်စု၊ ဘ---ကျေးရွာရှိ လူနေအိမ် (၉)လုံးနှင့် အ---ကျေးရွာရှိ လူနေအိမ် (၄) လုံးကို မီးရှို့ခဲ့သည်။ ဘ---ကျေးရွာ၌ မီးရှို့ခံရသည့်အိမ်များ၏ပိုင်ရှင်များသည် စောရ---၊ စောဆ---၊ စောတ---၊ စောဥ---၊ မောင်ဌ---၊ နော်ဃ---၊ နော်ဋ---၊ စောသ---နှင့် စောထ---တို့ဖြစ်ကြသည်။ အ---ကျေးရွာ၌ မီးရှို့ခံရသည့်အိမ်များ၏ ပိုင်ရှင်များသည် အအ---၊ ကိုအဘ---၊ ကိုအစ---နှင့် ကိုအဒ---တို့ဖြစ်ကြသည်။

လေးမိုင်ကျေးရွာတွင် အခြေစိုက်သော ခလရ (၃၉) တပ်ရင်းအပါအဝင် SAC ပူးပေါင်းတပ်ဖွဲ့များသည် တိုက်ပွဲဖြစ်ပွားသည်ရှိသော်၊ မရှိသော် KNLA နှင့် PDF စစ်သားများရှိနေနိုင်သည့်နေရာဟု ထင်မြင်ယူဆ၍ ကျေးရွာများအတွင်းနှင့် ဘေးပတ်လည်နေရာများတွင် လက်နက်ကြီးများ မကြာခဏ ပစ်ခတ်လေ့ရှိသည်။ ဤအစီရင်ခံစာကို ရေးသားပြုစုနေစဉ်အတွင်း SAC မှ ထိုဒေသတွင် လေကြောင်းဖြင့်လည်း တိုက်ခိုက်ခဲ့သည်။




အထက်ပါဓာတ်ပုံများကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ရက်နေ့၌ တောအူးခရိုင်၊ ထေ၁တထူမြို့နယ်၊ ဒေးလိုမူနူကျေးရွာအုပ်စု၊ ဘ---ကျေး ရွာတွင် ရိုက်ယူခဲ့သည်။ ပုံထဲတွင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက်နေ့တွင် SAC မှ မီးရှို့ဖျက်ဆီးခဲ့သော လူနေအိမ်တစ်ချို့ကို ဖော်ပြ ထားသည်။ *(ဓာတ်ပုံ - KHRG)*

## ဒေးလိုမူနူကျေးရွာအုပ်စုအတွင်း လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခြင်း

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၉ရက်နေ့ နေ့လယ် (၁)နာရီခန့်တွင် လေးမိုင်ကျေးရွာ၌ အခြေစိုက်သော ခလရ (၃၉) တပ်ရင်းအပါအဝင် SAC ပူးပေါင်းတပ်ဖွဲ့များသည် ဒေးလိုမူနူကျေးရွာအုပ်စုရှိ ကျေးရွာများအတွင်း လက်နက်ကြီး များ ရမ်းသမ်းပစ်ခတ်ခဲ့သည်။ လက်နက်ကြီးများ ပစ်ခတ်ခံရသည့်ကျေးရွာများသည် အ---၊ ဘ---၊ စ---၊ ည---၊ အဖ---၊ အန--- နှင့် အဟ---ကျေးရွာများဖြစ်သည်။ ပစ်ခတ်လိုက်သည့်လက်နက်ကြီးတစ်လုံးသည် စ---ကျေးရွာရှိ ဦးအင---၏ စျေးဆိုင်တစ်ဆိုင်သို့ ကျရောက်ပေါက်ကွဲခဲ့သောကြောင့် ဆိုင်တစ်လုံးပျက်စီးသွားခဲ့သည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက်နေ့တွင် SAC တပ်ဖွဲ့များသည် ဒေးလိုမူနူကျေးရွာအုပ်စုရှိ ကျေးရွာများအတွင်းသို့ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခဲ့သည်။ ထိုသို့ပစ်ခတ်လိုက်သည့်လက်နက်ကြီးတစ်လုံးသည် အဇ---ကျေးရွာအနီးရှိ လယ်ယာထဲတွင် ကျရောက်ပေါက်ကွဲခဲ့သည်။ ထိုသို့ပေါက်ကွဲသွား၍ လက်နက်ကြီးအစအနများသည် စောအဌ---ပိုင်ဆိုင်သည့်နွားတစ်ကောင်အား ထိမှန်၍သေဆုံးသွားခဲ့သည်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၉ရက်နေ့တွင်လည်း SAC တပ်ဖွဲ့များသည် ဒေးလိုမူနူကျေးရွာအုပ်စုရှိ ကျေးရွာများအတွင်းသို့ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခဲ့ပြန်သည်။ ပစ်ခတ်လိုက်သည့်လက်နက်ကြီးတစ်လုံးသည် ည---ကျေးရွာရှိ ရွာသားတစ်ဦး၏အိမ်တွင် ကျရောက်ပေါက်ကွဲ၍ အိမ်ခေါင်မိုးပျက်စီးသွားခဲ့သည်။ ထိုအိမ်သည် အက---၏အိမ်ဖြစ်သည်။ ထိုသို့ပေါက်သွားသည့် လက်နက်ကြီး၏အစအနများသည် နီးစပ်ရာ အခြားအိမ် (၃)လုံးကိုလည်း ထိမှန်ပျက်စီးခဲ့သည်။



လက်ဝဲရှိပုံတွင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက်နေ့၌ တောအူး ခရိုင်၊ ထောထထူမြို့နယ်၊ ဒေးလိုမူနူကျေးရွာအုပ်စု၊ ည---ကျေး ရွာအနီးရှိ လယ်ယာထဲတွင် SAC လက်နက်ကြီးတစ်လုံး ကျ ရောက်ပေါက်ကွဲ၍ နွားတစ်ကောင်အား ထိမှန်သေဆုံးသွား သောအခြေအနေကို ဖော်ပြထားသည်။ SAC သည် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်း ဒေးလိုမူနူကျေးရွာ အုပ်စုတွင် လက်နက်ကြီးများ အနည်းဆုံး (၄)ကြိမ် ပစ်ခတ်ခဲ့ သည်။ သေဆုံးသွားသည့်နွားသည် ရွာသားတစ်ဦးဖြစ်သူ စော အဌ---၏နွားဖြစ်သည်။ *(ဓာတ်ပုံ - ဒေသခံရွာသား)*




ဤဓာတ်ပုံကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအတွင်း တောအူးခရိုင်၊ ထောထထူမြို့နယ်၊ ဒေးလိုမူနူကျေးရွာအုပ်စု၊ ည--- ကျေးရွာတွင် ရိုက်ယူခဲ့သည်။ ပုံတွင် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၉ရက်နေ့၌ SAC မှ လက်နက်ကြီးများပစ်ခတ်မှုကြောင့် အက---၏အိမ်ခေါင်မိုးပျက်စီးသွားသောအခြေအနေကို ဖော်ပြထားသည်။ *(ဓာတ်ပုံ - KHRG)*

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၇ရက်နေ့တွင် SAC တပ်ဖွဲ့များသည် ဒေးလိုမူနူကျေးရွာအုပ်စုအတွင်းသို့ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခဲ့သည်။ ထိုသို့ပစ်ခတ်လိုက်သည့်လက်နက်ကြီးတစ်လုံးသည် အဖ---ကျေးရွာအနီးရှိ ရွာသားတစ်ဦးပိုင်ဆိုင်သည့်ရော်ဘာခြံထဲတွင် ကျရောက်ပေါက်ကွဲ၍ ရော်ဘာပင်များ ပျက်စီးသွားခဲ့သည်။ ဤလက်နက်ကြီးပစ်ခတ်မှုတွင် ကျေးရွာရှိရွာသားများအား ထိမှန်ဒဏ်ရာရရှိခြင်းမရှိခဲ့ပေ။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၇ရက်နေ့ ည (၉း၀၄)မိနစ်တွင်လည်း လေးမိုင်တပ်စခန်းနှင့် (၇)မိုင်တပ်စခန်းတွင် အခြေစိုက်သော SAC ပူးပေါင်းတပ်ရင်းများသည် ဒေးလိုမူနူကျေးရွာအုပ်စု၊ အဃ---ကျေးရွာအတွင်းသို့ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်ခဲ့သည်။ လက်နက်ကြီးများသည် ရွာသားတစ်ဦးပိုင်ဆိုင်သည့်ရော်ဘာခြံထဲတွင် ကျရောက်ပေါက်ကွဲ၍ ရော်ဘာပင်များ ပျက်စီးခဲ့သည်။ လက်နက်ကြီးတစ်လုံး၏အစအနများသည် အသက် (၃၄)နှစ်အရွယ် နော်အင---၏ အိမ်ကို ထိမှန်ပျက်စီးခဲ့ပြီး သူမကိုလည်း ထိမှန်၍ သူမ၏လက်တံတောင်ဆစ်တွင် ဒဏ်ရာရရှိခဲ့သည်။

## ဒေးလိုမူနူကျေးရွာအုပ်စုအတွင်းဖြစ်ပွားခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများ

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၇ရက်နေ့ ညနေ (၃း၁၇)မိနစ်တွင် SAC သည် ဒေးလိုမူနူကျေးရွာအုပ်စုရှိ အဟ--- ကျေးရွာတွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ ထိုလေကြောင်းတိုက်ခိုက်မှုတွင် ရွာသား (၂)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ တစ်ဦးမှာ ဆိုးဆိုးရွားရွားဒဏ်ရာရရှိခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် ရွာသားတစ်ဦး၏အိမ်တစ်လုံးလည်းထိမှန်ပျက်စီးခဲ့သည်။



KHRG ကွင်းဆင်းလုပ်သားတစ်ဦးသည် ဤဓာတ်ပုံကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ရက်နေ့တွင် တောအူးခရိုင်၊ ထောတထူမြို့နယ်၊ ဒေးလိုမူနူကျေးရွာအုပ်စုရှိ ဒေသခံခေါင်းဆောင်တစ်ဦးထံမှ လက်ခံရရှိခဲ့သည်။ ပုံတွင် SAC မှ ပစ်ခတ်လိုက်သည့်လက်နက်ကြီး တစ်လုံး ပေါက်ကွဲသွား၍ နော်အင---အား ထိမှန်၍ သူမ၏တံ တောင်ဆစ်တွင် ဒဏ်ရာရရှိခဲ့သောအခြေအနေကို ဖော်ပြထားသည်။ SAC မှ ဒေးလိုမူနူကျေးရွာအုပ်စု၊ အဃ---ကျေးရွာတွင် လက်နက်ကြီးများပစ်ခတ်ခြင်းကြောင့် နော်အင---အား ထိမှန်၍ ဒဏ်ရာရရှိခဲ့သည်။ *(ဓာတ်ပုံ - ဒေသခံခေါင်းဆောင်)*

### ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက်လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် KHRG မှ ဒေသခံရွာသားများကိုလေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှခံစားရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ KHRG ၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။